## Highlights from DVB Debate's Teaching Tuition?

## March 5, 2016

## "How to teach a better Tuition?"

"စာမေးပွဲကိုဗဟိုပြုတဲ့ နားလည်မှုနဲ့ပဲ ဆရာ၊ ဆရာမတွေ မိဘတွေနဲ့ ကျောင်းသားတွေ ရုန်းကန်ပြီးလုပ်နေရတယ်။ သိမှု right to know မရဘူး"

ဒေါ်ထွေးထွေးသန်း - နိုင်ငံလုံးဆိုင်ရာပြုပြင်ပြောင်းလဲမှုကွန်ရက် အဖွဲ့ဝင်၊ ဒီမိုကရက်တစ်ပညာရေးစင်တာ သင်ကြားရေးဆရာ

---

"အမေရိကားမှာတောင် နိုင်ငံလုံးဆိုင်ရာသင်ရိုးညွှန်းတမ်းဆိုပြီး ချထားတာရှိတယ်။ တနိုင်ငံလုံးအတိုင်းအတာနဲ့ ဦးဆောင်သင်ရိုးချရတာရှိတယ်။ ဒါပေမယ့် local သင်ရိုးလုပ်ထားတာတွေ ရှိဦးမယ်။ Localနဲ့ National ညီမျှအောင် ချိန်ညှိရတာတွေရှိတယ်"

ဒေါက်တာမြင့်သိန်း - မြန်မာနိုင်ငံပညာရေး သုတေသနဦးစီးဌာန၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) သင်ရိုးညွှန်းတမ်းအကြံပေး ပညာရှင်

---

"ဗျည်း ၃၃ လုံးမဖြုတ်ပါဘူး ဒါက နားလည်မှုလွဲတာပါ တချို့အက္ခရာတွေက အရေးအသားခက်လို့ ပထမတန်းကျမှပဲ အက္ခရာတချို့သင်ကြရအောင် ဆိုပြီး လုပ်တာပါ"

ဒေါက်တာဝင်းအောင် - သင်ရိုးညွှန်းတမ်းပညာရှင်

"ကျနော်တို့ သင်ယူခွင့်ကို သွားချုပ်ထားလို့မရဘူး။ လွတ်လပ်ခွင့်ပေးရမယ်လို့ပဲ မြင်တယ် ဒီလို နည်းပညာခေတ်ကြီးမှာ ကျနော်တို့လူကြီးတွေတောင် ကလေးတွေဆီက စမတ်ဖုန်းသုံးနည်းတွေက အစ သင်ယူနေရတာလေ"

ဒေါက်တာ အာကာမိုးသူ - မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် အထွေအထွေအတွင်းရေးမှူး

---

"စာမေးပွဲစနစ်ကြီးက ကျောင်းသားကို လူညွန့်တုံးစေတယ်။ ကျောင်းသားလိုအပ်တာက skill-based ပညာရေးစနစ်"

ဒေါ်ထွေးထွေးသန်း - နိုင်ငံလုံးဆိုင်ရာပြုပြင်ပြောင်းလဲမှုကွန်ရက် အဖွဲ့ဝင်၊
ဒီမိုကရက်တစ်ပညာရေးစင်တာ သင်ကြားရေးဆရာ

---

"သင်ရိုးကို ကျနော်တို့ တိုင်းရင်းသားဒေသတွေအတွက် သီးသန့် လုပ်ပေးသင့်တယ်လို့ မြင်တယ်။ ကျနော်တို့ ချင်းမှာ အခြေခံပညာသင်လာတုန်းက ရှာဦးဘုရားပွဲဆိုတာ သင်ရတယ် ရှာဦးဘုရားပွဲမှ ရှိမှမရှိတာ..နောက် စာစီစာကုံးရေးခိုင်းတယ် ခေါင်းစဉ်က ခါသကြံန် ချင်းမှာ သကြံန်ပွဲတော်လဲ မရှိတော့ ဘယ်လို ရေးရမလဲ"

ဆလိုင်းလျှန်ကျင်မှုန် - ကံ့ကော်ပညာရေးစင်တာ

---

"ကျနော်တို့ဆီမှာက အစိုးရနဲ့ နိုင်ငံတော် မကွဲဘူး နိုင်ငံတော်ပေါ်လစီက ဘာလဲဆိုတာ မကွဲဘူး။ အစိုးရက ပေါ်လစီချလိုက် နောက်အစိုးရက နောက်ပေါ်လစီတခုချလိုက်နဲ့ ကျောင်းသားတွေနဲ့ ပညာရေးက victim ဖြစ်သွားတယ်"

ဒေါက်တာ အာကာမိုးသူ - မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ဆရာမများအဖွဲ့ချုပ် အထွေအထွေအတွင်းရေးမှူး

---